

ဝန်ဇင်း
မြသန်းတင့်
မယ်တစ်ကိုယ်
နှင့်
အခြားမဂ္ဂဇင်းဝတ္ထုတိုများ

# မမချေးကြို

## (၁)

ကျွန်တော် အိပ်ရာကထတော့ ကျီးတွေ တအာအာပင် အော်မြည်၍ နေကြပါပြီ။ တစိုးစိုးတစီစီမြည်သော ကျေးငှက်တို့၏ သံစုံတူရိယာဝိုင်းကြီးမှ တေးသံများကိုလည်း ကြားရပါပြီ။ နေလုံးကြီးကတော့ သစ်ပင်များနောက် ကွယ်တွင် ပုန်းကွယ်နေတုန်းပင် ဖြစ်ပါသည်။ သို့ရာတွင် ဝါလဲ့လဲ့အရောင် များ၊ ပန်းဖြော့ဖြော့အရောင်များကို လွှတ်လိုက်သောအခါ၌ ကား အောက်က မီးမောင်းကြီးမော့၍ ထိုးပေးလိုက်သလိုဖြစ်ကာ အနောက်ဖက် ကောင်းကင် တွင် အသွေးစုံ၊ အရောင်စုံ ဝင်းလျက်ရှိပါသည်။

ကျွန်တော်သည် ခပ်သုတ်သုတ် မျက်နှာသစ်ကာ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်ရှေ့တွင် ထမင်း ကြော်ဆိုင်ရှိသည်။ ထမင်းနှင့်ပဲပြုတ်ကြော်တစ်ပန်းကန်ကို တစ်မတ်ပေးရသည်။ ငါးသေတ္တာပါထည့်လျှင် တစ်ပန်းကန်ကို ပြားလေးဆယ် ပေးရသည်။ ကျွန်တော်သည် ငါးသေတ္တာပါသော ပြားလေးဆယ်တန်တစ်ခွက်ကို ခပ်သုတ်သုတ်စားကာ ဘိုင်စကယ်ကို ခပ်သုတ်သုတ်နင်းထွက်လာခဲ့သည်။ မသုတ်၍ မဖြစ်ပါ။ ၆ နာရီခွဲသည်နှင့် စက်ဘီးပေါ်မှဆင်းကာ မော်တော် ကားပေါ်တက်ထိုင်ပြီး ဒရိုင်ဘာဘဝကို တစ်ဖြစ်လဲရဦးမည်ဖြစ်ပါသည်။ ကျွန်တော့်လက်က အိုဂျီဗဲလ်လက်ပတ်နာရီအိုကလေးမှာ ၆ နာရီခွဲလုပါပြီ။ သမ္မတအိမ်တော်မြောက်ဘက်က ဝင်ဆာလမ်းထဲသို့ ချိုးဝင်လိုက်သောအခါ ၆ နာရီခွဲပေပြီ။ ဘုရားကို တက်၍ လမ်းလျှောက်သူများပင် ပြန်လာကြပြီ ဖြစ်၏။ ခါတိုင်းဆိုလျှင် ကျွန်တော်သည် ဝင်ဆာလမ်းကုန်းကို တက်ရင်း စက်ဘီးကို ဖြည်းဖြည်းနင်းကာ နံနက်ခင်း၏ အရသာကို ခံစားလေ့ရှိ၏။ အိမ်တော်ဝင်းထဲက စိမ်းစိုမှိုင်းညို့သော သစ်တိုပင်၊ မရမ်းပင်ကြီးများကို ဇာပုဝါပါးခြုံသလိုဖြစ်အောင်

တဝေဝေကျနေတတ်သော နှင်းမှုန်များကို လည်းကောင်း၊ လမ်းဘေး မြက်ရှည်ပင်၊ ထိကရုန်းပင်၊ အိမ်လုံးချမ်းသာပင် များပေါ်တွင် ပုလဲပွင့်၊ စိန်ပွင့်တို့ သီသလိုဖြစ်အောင် တွဲလွဲခိုနေကြသော နှင်းဥနှင်းစက်ကလေးများကိုလည်းကောင်း၊ လမ်းဘေးက ခြံများထဲတွင် ဖူးပွင့်ငုံအာနေကြသော ပန်းပွင့်များကိုလည်းကောင်း၊ ငေးမောကြည့်ရှု၍ သွားလေ့ရှိ၏ ။ နံနက်ခင်း လေပြည်ကလည်း လတ်ဆတ်လှ၏ ။ နှင်းနံ့၊ မြေနံ့၊ ရွက်ကြွေနံ့ကလေးတွေပင် တသင်းသင်းပျံ့လာသည်ဟု ထင်ရ၏ ။ သို့ကလို လှသော၊ မွေးသော နံနက်ခင်းကို မြင်လိုက်ရလျှင်ပင် စိတ်ရော ကိုယ်ပါ လန်းဆန်းလာတတ်၏ ။

ယနေ့လည်း ဆောင်းကျွတ်လု နံနက်ခင်းသည် ခါတိုင်းလို လှနေပါသည်။ ဝင်ဆာလမ်းထဲသို့ ဝင်လိုက်သည်၌ ကားသံတွေ ဝေးသွားကာ၊ ငြိမ်သက်တိတ်ဆိတ်သော အရာသာကို ခံစားရပေ၏ ။ နွေဦး၏ ကိုယ်ရံတော် မြူတန်းများနှင့် ဆောင်းနတ်မယ်၏ အထိန်းတော်နှင်းကြွင်းတို့သည် အတိုင် အဖောက်ဝင်ကာ တိမ်ခိုးမျှင် အကွက်ဆင် ဝတ်ရုံလွှာကို ရက်နေကြသယောင် ထင်ရ၏ ။ အိမ်တော်ဝင်းထဲရှိ သစ်ပင်များပေါ်မှ သစ်ရွက်ဝါဝါရွှေရွှေ၊ နီနီမောင်းမောင်းတို့လည်း တဖြုတ်ဖြုတ် ကြွေကျကြပြီ။ လေနှင်လွင့်မှုတ်၍ အညာမှ ပြုတ်ကြွေကျသော ရွက်ကျင် ရွက်ဟောင်းတို့ လေဟုန်စီးကြသော အခါ ဧယင်ကျူးပေးသော ဥသြသံကလည်း ထွေးထွေးအေးအေး ရှိလှပေ၏ ။ သို့ကလို စိမ်းစိမ်းညိုညိုနံနက်ခင်းတွင် နေရောင်ခြည်များက သစ်ပင်တွေ ကြားထဲသို့ လျှောဆင်းလာသောအခါ အမှိုင်းအရိပ် အချိပ်အမှောင် ဆေးသား ထဲတွင် အရောင်လွင်လွင်ကို ဖော်ပေးလိုက်သလို ရွှန်းစိုတောက်ပလာလေ သည်။ ခြံစည်းရိုးဘေးတွင် ပေါက်နေကြသော ငုရွှေဝါ၊ ငုနီလာတို့ကလည်း ပို၍ အရောင်စိုအောင် စုတ်ချက်ကစားထားကြသည်။ ယနေ့ နံနက်ခင်းသည် ခါတိုင်းကဲ့သို့ပင် အရောင်စိုပါသည်။ ခါတိုင်းကဲ့သို့ပင် လှပါသည်။ ခါတိုင်း ကဲ့သို့ပင် မွေးပါသည်။

သို့ရာတွင် ကျွန်တော့်စိတ်မှာ ခါတိုင်းကဲ့သို့ လန်းဆန်းခြင်းမရှိ။ နောက်ကျိုရီဝေလျက်ရှိသည်။ ကျွန်တော့် ကိုယ်ခန္ဓာကြီးကလည်း ပေါ့ပါးခြင်း မရှိ။ လေးလံ ထိုင်းမှိုင်းနေသည်။ ကျွန်တော့်အသက်သည် ၄၈ နှစ်ထဲ ရောက်လာပြီဖြစ်သော်လည်း ခါတိုင်းဆိုလျှင် ဝင်ဆာလမ်း ကုန်းအတက်ကို ခပ်သွက်သွက် နင်းနိုင်သည်။ ယနေ့တော့ ကျွန်တော့်ခြေများသည် တယ် မသွက်ကြတော့ဘဲ၊ ဝင်ဆာကုန်းအတက်ကို ဒူးတွေညောင်းအောင် နင်းရ သည်။ ဒူးဆစ်များကလည်း ခိုင်ချင်ဟန်မတူတော့ပါ။ ဇရာ၏ လက္ခဏာများ သည် ဒူးဆစ်တွေထဲမှာ ဝင်ရောက်စပြုဟန် တူပါပြီ။

ကျွန်တော်သည် နုံနဲ့စပြုလာပြီဖြစ်သော ဒူးဆစ်တွေကို စိတ်ကူး လာတုန်း ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသော လူ တစ်ယောက်ကို မြင်လိုက်မိသည်။ ထိုလူမှာ အသက် ၂၅ နှစ်ကျော်ကျော် ကလေးမျှ ရှိပါဦးမည်။ အစိမ်းကွက် စပို့ရှပ်ကို ဝတ်ထားပြီး ဘောင်းဘီတို အဖြူကို ဝတ်ထားသည်။ ရွက်ဖျင်ဖိနပ်အဖြူကို စီးထားသော ခြေထောက် များ မြေကြီးပေါ်ကို ကျသွားပုံတို့မှာ ကြည့်၍ ပင် ကောင်းသေးတော့သည်။ လက်နှစ်ဖက်ကိုလွှဲ၍ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာပုံမှာ အားကျစရာ ဖြစ်သည်။ ဘောင်းဘီတိုအောက်မှ ဒူးဆစ်များနှင့် ခြေသလုံးများကလည်း သစ်မြစ်ဆုံကြီးများလို သန်မာတုတ်ခိုင်ကြသည်။ သူ့ကို နံနက်တိုင်း ကျွန်တော် တွေ့နေကျဖြစ်၏ ။ တွေ့တိုင်းလည်း ကျွန်တော် သူ့ကို သတိထားမိပါသည်။ ရင်အုပ်ကျယ်ကျယ်၊ အရပ်ထောင်ထောင် မောင်းမောင်း၊ ရုပ်ခပ်ချောချော ဖြစ်၍ ကြည့်ကောင်းသူ ဖြစ်ပါသည်။ ယောက်ျားပီသခြင်း၏ အနက်အဓိပ္ပာယ် ကို ဖော်ပြသော ရုပ်လက္ခဏာမျိုးဖြစ်ပါသည်။ တွေ့တိုင်း သူ၏ တောင့်တင်း၍ အချိုးအစားကျသော ခန္ဓာကိုယ်နှင့် ပြေပြစ်သောမျက်နှာကို ကျွန်တော် မကြည့်ဘဲ မနေနိုင်ပါ။

ကျွန်တော်သည် သူ့ဒူးဆစ်များကိုကြည့်ရာက ကျွန်တော့် ဒူးဆစ် များကို

ကြည့်မိသည်။ ကျွန်တော့် ဒူးဆစ်များကား ဝါးဆစ်ရိုးလို သေးငယ်လှ ၏ ။ အရိုးတွေကလည်း ကွေးလိုက် စန့်လိုက်သောအခါမျိုးတွင် တဂျွတ်ဂျွတ် မြည်တတ်သေး၏ ။ မိုးအေးလျှင် ဒူးဆစ်များက စစ်ခနဲ... စစ်ခနဲ ကိုက်တတ်သေးသည်။ ချူချာတော့မှာပေ့ါ၊ လူ့ဘဝအလေးကြီးကို ထမ်းခဲ့ရတာ ၄၈ နှစ်ရှိပြီကိုး ဟု ကျွန်တော့်ဖာသာကျွန်တော် တွေးမိပါသည်။ လူ့ဘဝ ရောက်လာသည့် ၄၈ နှစ်အတွင်း အသက် ၂၃ နှစ်လောက်က ဒရိုင်ဘာ လုပ်သည်ဖြစ်ရာ ၂၅ နှစ်လောက်မှာ မော်တော်ကားပေါ်မှ ဆင်းရသည်မရှိ။ အလုပ် လုပ်လေ့လုပ်ထမရှိသော ဒူးဆစ်များသည် ယခုလည်း ကောင်းကောင်း မလုပ်ချင်တော့ပါ။ အကွေးအဆန့်များများလုပ်သောအခါ တစစ်စစ် နာကျင် လာကြပါသည်။

ကိုယ်ခန္ဓာကြီးက ဇရာ၏ အဖြစ်ကို သတိပေးတော့မှ ကျွန်တော့် ဘဝကို ကျွန်တော် စဉ်းစားမိပါသည်။ ကျွန်တော် ကားဒရိုင်ဘာ စလုပ်သည်မှာ ၁၉၃၇ ခုနှစ်လောက်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်အသက် ၂၃ နှစ် ရှိပါပြီ။ ပထမသော် မိတ္ထီလာနှင့် သာစည်ပြေးသည့်ကားကို မောင်းပါ သည်။ နောက်တွင် တရုတ်-မြန်မာလမ်းမကြီးပေါက်၍ တရုတ်ပြည်သို့ ဓာတ်ဆီများပို့သောအခါ နဝလီကိုက်၍ မောင်းပေးပါသည်။ လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်တို့ကိုဖြတ်၍ တရုတ်ပြည်၊ ကွန်မင်းမြို့အထိ ရောက်ဖူး ပါသည်။ ဤဘဝသည် ကျွန်တော့်ကို ပညာမျိုးစုံ သင်ပေးလိုက်ပါသည်။ ဓာတ်ဆီခိုးရောင်းသည့်အတတ်၊ မိန်းမ လိုက်စားသည့်အတတ်၊ ဖဲရိုက်သည့် အတတ်၊ ဘိန်းရှူသည့်အတတ်၊ အရက်သောက်သည့်အတတ် စသဖြင့် အဋ္ဌရသတစ်ဆယ့်ရှစ်ရပ် စုံလိမ့်မည်ထင်ပါသည်။ ကွန်မင်းကအပြန်တွင် လားရှိုးဘက်က ရှမ်းမတစ်ယောက်နှင့် အိမ်ထောင်ကျပါသည်။ ရှမ်းမနှင့် သမီးလေး တစ်ယောက်ရပြီး၊ သမီးအပျိုပေါက်တွင်မှ ကျွန်တော့်မိန်းမ မျောက်မထား၍ ကျွန်တော်တို့ အကြင်လင်မယားအဖြစ် ပြတ်စဲခဲ့ကြပါသည်။ သမီးပျိုကို

ကျွန်တော်က ထိန်းသိမ်း၍ ထားလိုက်ရသည်။ သည်အတော အတွင်း ကျွန်တော် အိမ်ထောင်မပြုဘဲ မနေနိုင်သေးပါ။ ထို့ကြောင့် ရိုးရိုး သားသားမိန်းမတစ်ယောက်နှင့် လက်ထပ်ခဲ့ကြပါသည်။ ယခု နောက်မိန်းမ နှင့်ရသည့် အကြီးဆုံးကလေးပင် ၇ နှစ်လောက် ရှိပါပြီ။

သို့ဖြင့် အနှစ် ၂၅ နှစ်လောက် ဒရိုင်ဘာဘဝတွင် ကျင်လည် ခဲ့ပြီးနောက် ယခု ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ကြည့်လိုက်သောအခါ ဒရိုင်ဘာထိုင်ခုံပေါ်မှာပင် ရှိသေးသည်ကို တွေ့ရပါသည်။ ရွှေ့လျှောက် သည်ထိုင်ခုံပေါ်က ဆင်းရဖို့ လမ်းမမြင်တော့ပါ။

## (၂)

မင်းကြီးအိမ်တွင် ကျွန်တော် ဒရိုင်ဘာလုပ်သည်မှာ ၆ လလောက် ရှိပါပြီ။ တစ်နေ့တစ်နေ့ ကားပေါ်မှ ဆင်းရသည်ဟုမရှိ။ နေကုန်နေခန်း ကားမောင်း၍ ပို့ရ၏။ နံနက် ၆ နာရီခွဲသည်နှင့် ကားဂိုဒေါင်ထဲသို့ အဆင်သင့် ရောက်ရလျက် ခေတ္တနားပြီး မင်းကြီးကတော် မမလေးကို ဈေးသို့ပို့ရ၏။ သူဈေးဝယ်နေတုန်း မင်းကြီးကတော် တူမလေးကို ကွန်ဗင့်ကျောင်းသို့ ပို့ရသေး၏။ ပြန်လျှင် မင်းကြီးကို ရုံးပို့၊ ရုံးမှာ မင်းကြီးခိုင်းသည့်ဆီသွား၊ နေ့လည်တွင် ကွန်ဗင့်ကျောင်းသူကို အိမ်ပြန်ကြို၊ မင်းကြီး လက်ဖက်ရည် သောက်ရန်အတွက် အိမ်ပြန်ပို့၊ မင်းကြီး တရေးတမောအိပ်ပြီး ရုံးပြန်ပို့၊ ရုံးက အိမ်ပြန်လာ၊ မင်းကြီးကတော် နေ့လည်နေ့ခင်း ဈေးဝယ်သွားလျှင်၊ သို့မဟုတ် အိမ်လည်လျှင်၊ သို့မဟုတ် ပိုကာဒေါင်းသွားလျှင် လိုက်ပို့၊ ညနေ မင်းကြီးရုံးသွားကြို၊ အစည်းအဝေးတက်စရာရှိလျှင် အစည်းအဝေးပို့၊ မရှိလျှင် အိမ်ပြန်ပို့၊ ညဦးပိုင်း၌ ရုပ်ရှင်၊ သို့မဟုတ် ပြပွဲ၊ သို့မဟုတ် ဧည့်ခံပွဲ တစ်ခုခုလိုက်ပို့၊ ပြန်ခေါ်။ ဤကား ကျွန်တော်၏ တစ်နေ့တာ အလုပ်ဇယားများ ဖြစ်ပေ၏။ ကိစ္စအားလုံးပြီးလျှင် ကားကို ဂိုဒေါင်ထဲ သွင်းကာ စက်ဘီးချောက်ချက် ချောက်ချက်နင်း၍ ဟုန်းလမ်း(ပန်းလှိုင်လမ်း) ကွက်သစ်ရှိ ကျွန်တော့်အိမ်ကို ပြန်ရပါသည်။

စနေနေ့ညများသည် ကျွန်တော့်အတွက် အလုပ်အများဆုံးသော ညများဖြစ်၏။ ကျွန်တော့်ဆရာသည် စနေနေ့ညဆိုလျှင် ယူနီယံကလပ်သို့ စောစောသွား၍ သောက်ပြီး ၉ နာရီခွဲ ၁၀ နာရီလောက်တွင် ပြန်လေ့ရှိ သည်။ သို့ရာတွင် အိမ်သို့တိုက်ရိုက်ပြန်ခြင်းမဟုတ်ပါ။ ကျောက်မြောင်းက မယားငယ်အိမ်သို့ ပြန်ခြင်းဖြစ်ပါသည်။ ကျောက်မြောင်းအိမ်က မယားငယ်မှာ ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သည်။ အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက် ကောင်း ကောင်း၊ အသက် ၃၀ ပတ်ဝန်းကျင်လောက်တွင်သာရှိဦးမည်။ ရုပ်အချောကြီးထဲက မဟုတ်သော်လည်း ယောကျ်ားတကာတို့၏ တဏှာစိတ်ကို ယိုဖိတ် အောင် ညို့အားကောင်းသူတည်း။

ကျွန်တော့်ဆရာတွင် နောက် မယားငယ်တစ်ယောက် ရှိသေး၏။ နောက်မယားငယ်အိမ်မှာ ကြည့်မြင်တိုင်တွင် ဖြစ်သည်။ အသက် ၂၀ ပင် ရှိဟန်မတူသေးပါ။ ကလေးမမှာ နုနယ်ပျိုမြစ်တုန်းပင် ရှိပါသေးသည်။ မယ်ဗမာကိုယ်လုံးကိုယ်ပေါက်မျိုးဖြစ်၍ ရုပ်ရှင်မင်းသမီးဟု ဆိုပါသည်။ သို့ရာတွင် သူပါသည့် ရုပ်ရှင်ကိုတော့ ကျွန်တော် တစ်ခါမျှ မကြည့်ဘူး သေးပါ။ သို့ဖြင့် ကျွန်တော့်ဆရာသည် စနေနေ့ညများတွင် ယူနီယံကလပ်မှ ကျောက်မြောင်းသို့ဖြစ်စေ၊ ကြည့်မြင်တိုင်သို့ဖြစ်စေ သွားလေ့ရှိသည်။ မယားငယ်များအိမ်တွင် တော်တော်ကြာကြာနေပြီး နံနက် ၂ နာရီကျော် ၃ နာရီလောက်မှ အိမ်သို့ပြန်တတ်သည်။ ကျွန်တော့်ကိုကား အိုဗာတိုင်းအတွက် ဆိုကာ တစ်ဆယ့်ငါးကျပ် ပေးလေ့ရှိပါသည်။ ထို့ကြောင့် ကျွန်တော်ကလည်း မညည်းမညူ လိုက်ရပါသည်။ သူ့ဆန်စားရဲမှဟု ဆိုကြသည်မဟုတ်လား။

သို့ရာတွင် ကျွန်တော် နားမလည်နိုင်သော အချက်တစ်ချက် ရှိပါသည်။ ယင်းမှာ ကျွန်တော့်ဆရာ မယားငယ်တွေ အလျှိုအလျှိုထားခြင်း ဖြစ်သည်။ ကျွန်တော့်ဆရာသည် အသက် ၄၀ ကျော်၍ ၅၀ နား ကပ် နေပါပြီ။ ကျွန်တော့်ထက် ၁ နှစ်၊ ၂ နှစ်လောက်သာ ငယ်ပါလိမ့်မည်။ မယားကြီးကွယ်လွန်၍

မယားကြီးဘက်က တူမဖြစ်သူ လက်ရှိ ကျွန်တော့် ဆရာကတော်နှင့် လက်ဆက်ခဲ့ပါသည်။ ဆရာကတော်သည် အသက် ၂၅ နှစ်လောက်သာ ရှိပါသေးသည်။ ကျွန်တော့်သမီးကြီး မြအေးနှင့်မှ ရွယ်တူ လောက်ရှိပါသေးသည်။ ရုပ်လည်း ချောပါသည်။ သို့ကလို 'နုလည်းနုနယ်၊ ငယ်လည်းငယ်၊ ချစ်လည်း ချစ်စရာ'ကောင်းသော ဆရာကတော်ရှိလျက်နှင့် မယားငယ်တွေ မှိုလိုပေါက်အောင်ထားခြင်းကို ကျွန်တော် နားမလည်ပါ။ အိမ်က ဟာမကြီးက အရွယ်လွန်ကာ အမယ်အိုရွတ်တွကြီးဖြစ်နေ၍ အငယ် အနှောင်းယူသည်ဆိုလျှင် ထားပါတော့။ ထို့ထက်ပို၍ ကျွန်တော် နားမလည် နိုင်သည့်အချက်မှာ ဆရာကတော်က ကျွန်တော့်ဆရာ အငယ်အနှောင်း ထားသည်ကို သိလျက်နှင့် ခွင့်လွှတ်ထားခြင်းပင် ဖြစ်ပါသည်။ ကျွန်တော့် မိန်းမ အေးပုမှာ ကျွန်တော် အငယ်အနှောင်းထားဖို့မပြောနှင့် မိန်းမပျိုပျို ရွယ်ရွယ်များကို တစ်ခါတလေ စူးစိုက်ကြည့်မိသည်ဆိုလျှင်ပင် ပေါင်တွင်းကြော ကို လိမ်ဆွဲတတ်ပါသည်။ ကျွန်တော့်ဆရာကတော် မမလေးကား ထိုသို့ မဟုတ်၊ မသိလိုက် မသိဖာသာပင် နေလိုက်သည်။ မမြင်ရရင်ပြီးရောဟု သဘောထားဟန်ရှိပေ၏ ။

သို့ကလိုတွေးရင်း စက်ဘီးနင်းလာသည်နှင့် ၆ နာရီခွဲကျော်ကျော် တွင် ခြံဝသို့ရောက်လေ၏ ။ သတင်းစာပို့သည့်သူငယ်ပင်လျှင် သတင်းစာ ပုံးထဲတွင် သတင်းစာတွေ ထည့်သွားပြီးပေပြီ။ ကျွန်တော် ရောက်သွားသော အခါ၌ နောက်ဖေးမီးဖိုချောင်က ထမင်းချက်များပင် အင်းခွေးကြီးနှစ်ကောင် ကို အစာကျွေးနေကြပြီဖြစ်၏ ။ အင်းခွေးကြီးနှစ်ကောင်သည် ဒန်ခွက်ကြီး တွေထဲက နွားနို့ကို တပြွတ်ပြွတ် သောက်နေကြ၏ ။ နွားနို့ကုန်သော် ဇလုံကြီးတွေနှင့် အမဲသားစင်းကောတွေ ရောက်လာပြန်သည်။ ကျွန်တော်တို့ အိမ်ထောင်တစ်အိမ်ထောင် တစ်နေ့စာလောက် ရှိမည်ထင်ရ၏ ။ ကျွန်တော် ကား အိပ်ရာထ ထမင်းကြော်ပန်းကန်နှင့် လက်ဖက်ရည်တစ်ခွက်သာ သောက်ရသေး၏ ။ ဤအိမ်ကြီးတွင် အင်းခွေးကြီးဖြစ်ရတာ ကမှ ဇိမ်ကျ သေးတယ်ဟု

ကျွန်တော့်ဖာသာကျွန်တော် တွေးကာ ကားဂိုဒေါင်ဆီသို့ လျှောက်လာပြီး ကားကိုထုတ်လာခဲ့သည်။ ခဏကြာလျှင် 'ကိုဝက်… ကိုဝက်' ဟု ခေါ်သံကြားရပါသည်။

ကျွန်တော်က ကားပေါ်မှဆင်းကာ အိမ်နောက်ဖေးသို့ ပြေးရသည်။ မမလေး ဈေးသွားချိန်ပေတည်း။ မမလေးဈေးသွားခါနီး တွင် ဆွဲခြင်း၊ လက်ဆွဲ အိတ် စသည်တို့ကို ကားပေါ်သို့ တင်ထားပြီး အဆင်သင့်စောင့်နေရသည်။

ခဏကြာတော့ မမလေး ဆင်းလာပါသည်။ ကျွန်တော်က ခပ်သုတ်သုတ်ဆင်းကာ ကားတံခါးကို ဖွင့်ပေးရ၏ ။ ဤမျှ နုနယ်လှပသော ဆရာကတော်ရှိလျက်နှင့် ဘာကြောင့် အငယ်အနှောင်းထားပါလိမ့်ဟူသော မေးခွန်းသည် ကျွန်တော့်ဦးနှောက်ကို လာ၍ တီးခေါက်ပြန်၏ ။ ဆရာ ကတော်သည် နိုင်လွန်အကျႌအဖြူ လက်ပြတ်ကို ဝတ်ထားပြီး၊ စတော်ဘယ်ရီရောင် နိုင်လွန်ဆွယ်တာကို ပုခုံးဝိုင်းဝိုင်းပေါ်မှာ တင်မိသည်ဆိုရုံကလေး ခြုံထား၏ ။ လုံချည်က အထက်ရှူး၍ အောက်တွင် ဂါဝန်လို ဝိုက်ကားကျလာ သော ပိုးပျော့လုံချည် နက်ပြာရောင်ဖြစ်သည်။ လုံးဝန်းသော ရင်မို့မို့၊ အိစက်သော တင်စို့စို့တို့သည် ကောက်ကြောင်းထင်ရှားစွာ ပေါ်နေကြ၏ ။ ခေါင်းတွင်ပန်ထားသော နှင်းဆီပန်းကြီးက ဆရာကတော်၏ အလှကို သရဖူ ဆောင်းပေးလိုက်လေသည်။

ဆရာကတော်ကိုယ်မှ ရေမွှေးနံ့သည် တသင်းသင်း ပျံ့လျက်ရှိ၏ ။ တံခါးပိတ်လိုက်သောအခါတွင်ကား ရေမွှေးနံ့သည် ကားထဲတွင် ကြိုင်လှောက် နေလေသည်။ ကျွန်တော်သည် ကားကို ဈေးဘက်သို့မောင်းလာခဲ့သည်။ ဆရာကတော်သည် ပေါင်တစ်လုံးပေါ် တစ်လုံးထပ်၍ ထိုင်ရင်း ကူရှင်ကို နောက်မှီ၍ ခါးများကို ကော့ထားကာ လက်နှစ်ဖက်ကို ခေါင်းနောက်သို့ ပစ်ကာ လိုက်ပါလာသည်။ ဆရာကတော်သည် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားလာဟန်တူပါသည်။

ဝိဇယရုံနား ရောက်ခါနီး တွင် ဆရာကတော်က နာရီကို ငုံ့ကြည့် ပြီး…

'ကိုဝက်… ဈေးကို မမောင်းနဲ့အုံး၊ ဘုရားကို အရင်သွားမယ်'

ဆရာကတော် အမိန့်အတိုင်း ကားကို ဦးဝိစာရလမ်းဘက်သို့ ချိုးကွေ့ကာ အနောက်မုတ်ဘက်သို့ မောင်းလာခဲ့သည်။ ဆရာကတော်သည် ဓမ္မစေတီလမ်းတစ်လျှောက်တုန်းကလို ငြိမ်သက်စွာ လိုက်မလာတော့ပါ။ လမ်းဘေးဝဲယာကို လှမ်းမျှော်ကြည့်ရှု လိုက်ပါလာသည်။ ဦးဝိစာရလမ်းမကြီး ပလက်ဖောင်းပေါ်တွင် နံနက်ခင်း လမ်းလျှောက်လေ့ကျင့်ခန်းယူသူများကို တွေ့လျှင် ဂရုတစိုက် ကြည့်တတ်သည်ကို ကျွန်တော် သတိထားမိပါသည်။ သို့ရာတွင် ဘာမျှတော့မပြောပါ။ အနောက်မုတ်ပေါက်ဝသို့ အဝင်ခိုင်းသဖြင့် မုတ်ဝရှေ့သို့ မောင်းလာခဲ့ပါသည်။ ကျွန်တော်က ဘုရားပေါ်တက်မည် ထင်သဖြင့် ရပ်ပေးလိုက်ပါသည်။ သို့ရာတွင် ဆရာကတော်သည် ဘုရားပေါ် မတက်ပါ။ ကားထဲမှာထိုင်ပြီး ဟိုဟိုသည်သည်ကို လှမ်းမျှော်ကြည့်နေလေ သည်။ ၁၀ မိနစ်လောက်ရှိမှ… 'ကျွန်မ သူငယ်ချင်းနဲ့ ဘုရားတက်ဖို့ ချိန်းထားတာ၊ မလာတော့ ဘူးထင်ပါရဲ့၊ ကဲ… ကဲ… ဈေးဘက်ကိုပဲ မောင်းတော့' ဟု ဆိုသဖြင့် မုတ်ဝရှေ့က လှည့်ထွက်ခဲ့ပြီး၊ ဦးဝိစာရလမ်းအတိုင်း မြေနီကုန်းဈေးဘက်သို့ မောင်းလာခဲ့သည်။ မြေနီကုန်းဈေးရောက်တော့ ဆရာကတော် ဆင်း၍ ဈေးဝယ်ပါသည်။ ခါတိုင်း ဆွဲခြင်းကိုင်သည့် ကောင်မလေးကို ခေါ်ခဲ့သော် လည်း၊ မခေါ်ဘဲ သူ့ဖာသာသူ ဝယ်သည်မှာ တစ်လလောက်ရှိပါပြီ။

ဆရာကတော် ဈေးဝယ်နေတုန်း ကျွန်တော် ကားပေါ်မှာ ထိုင်ကျန် ရစ်ခဲ့ပါသည်။ မြေနီကုန်းဈေးသည် ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် စည်ကားနေလေသည်။ ကျွန်တော်သည် ကားပေါ်မှာထိုင်လျက် ဈေးဝယ်များ ကို ငေးကြည့်ရင်း အချိန်ကုန်ရသည်။ သို့မဟုတ်လျှင်လည်း ဒရိုင်ဘာ အချင်းချင်း စကားစမြည်ပြောကြသည်။ ကျွန်တော်တို့ ဒရိုင်ဘာများ၏ စကားထဲတွင် ဇာတ်လမ်းတွေ စုံလှပေ၏ ။

ကျွန်တော် သို့ကလို ထိုင်၍ ငေးမောနေတုန်း မမလေး ပြန်လာပါ သည်။ ဆွဲခြင်းထဲတွင် သားငါး၊ ဟင်းသီးဟင်းရွက်တွေ ပြည့်သိပ်နေသည်။ ငှက်ပျောဖီး နှစ်ဖီးတွဲနှင့် ပန်းစည်းတစ်စည်းကိုလည်း တစ်ဖက်က ကိုင်ထား၏ ။ ကျွန်တော်က အပြေးကလေး ဆင်းသွားကာ ကူညီယူပြီး မမလေးတက်ရန် ကားတံခါးကို ဖွင့်ပေးလိုက်သည်။

'ဈေးသွားတာ နေမြင့်တာနဲ့ ဝယ်လို့မကောင်းတော့ဘူး'

မမလေးက ကားနောက်ပိုင်းတွင် ကိုယ်ကိုပျော့မှီ၍ ထိုင်ရင်း ပြောလေသည်။ ကျွန်တော်ကမူ ဘာမျှပြန်မပြောတော့ပါ။ ကားကို အပြန်လမ်း ဘက်သို့ကွေ့၍ မောင်းလာခဲ့သည်။ ကားကိုသာ မောင်းခဲ့ရသော်လည်း ခေါင်းထဲမှာ မကြည်လင်၊ မနေ့ညက အိမ်ပြန်နောက်ကျ၍ နံနက်အစောကြီး ထရပေရာ ဘယ်မှာလျှင် အိပ်ရေးဝမည်နည်း။

'မနေ့ညက ရှင့်ဆရာ ဘယ်အချိန်မှ ပြန်လာသလဲ ကိုဝက်...'

ဘောင်ဒရီဘက်သို့ ကွေ့အဝင် မမလေးက မေးခြင်းဖြစ်၏ ။

'တော်တော် နောက်ကျတယ် ခင်ဗျ'

'ပြန်လာတော့ ဘယ်နှစ်နာရီရှိပြီလဲ'

ကျွန်တော်က ခေတ္တစဉ်းစားကာ...

'၃ နာရီလောက်ရှိပြီထင်တယ် မမလေး'

မမလေးသည် ကားနောက်မှီကို ပစ်၍ မှီလိုက်ရင်း သက်ပြင်းချလိုက် ၏ ။ သူ့သက်ပြင်းမှာ ပါးစပ်ကပါ မှုတ်ထုတ်လိုက်ခြင်းဖြစ်ပေရာ ဖူးခနဲ မြည်သံကို ကြားလိုက်ရသည်။

'ဘယ်သွားသလဲ၊ ကြည့်မြင်တိုင်လား... ကျောက်မြောင်းလား'

သည်မေးခွန်းမှာ ကျွန်တော်အဖြေရခက်သော မေးခွန်းဖြစ်သည်။

မနေ့ညက ကျွန်တော့်ဆရာသည် နှစ်အိမ်စလုံး သွားသည်။ ပထမ ကြည့်မြင်တိုင်က အိမ်ကိုသွား၏ ။ မယ်ဗမာကိုယ်လုံးကိုယ်ပေါက်ရှိသော အငယ်မက ပလက်တီနံလက်ကောက် အဝယ်ခိုင်းတာ ဝယ်မပေးသေး၍ စိတ်ကောက်နေသဖြင့် ကျွန်တော့်ဆရာ တပ်ခေါက်ပြန်ခဲ့ရသည်။ ထို့ကြောင့် ဒေါပွပွဖြင့် စီးကရက်စက်ရုံတစ်ခုတွင် အလုပ်လုပ်သော ကောင်မလေးဆီ သို့သွားသည်။ ကျွန်တော့်ဆရာ၏ စာရင်းဝင် အငယ်အနှောင်း မဟုတ်ပါ။ ကြားပေါက်ခေါ်ခြင်း ဖြစ်ပါ၏ ။ သို့ရာတွင် သူများလက်ဦးသွား၍ မတွေ့ခဲ့ဘဲ နောက်ဆုံးတွင် ကျောက်မြောင်းက တစ်ခုလပ်မအိမ်သို့ ရောက်လေသည်။ ကျောက်မြောင်းအိမ်တွင် အရက်ထပ်သောက်ပြီး ကလိုက်ခုန်လိုက် မြူးလိုက် ဖြင့် နံနက် ၃ နာရီထိုးမှ အိမ်ပြန်ရောက်လေတော့သည်။

'ကျောက်မြောင်းရော... ကြည့်မြင်တိုင်ရော ခင်ဗျ...'

ကျွန်တော့်ပါးစပ်က အလိုလိုထွက်သွားပါသည်။ ပါးစပ်က ထွက်ပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော် မှားသွားပြီဟု ရိပ်မိလိုက်ပါ၏ ။ သို့ရာတွင် ပြင်ချိန်မရတော့ပါ။

'ဘယ်နှယ့် နှစ်နေရာစလုံးတောင် သွားတယ် ဟုတ်လား'

'ဟုတ်တယ်ခင်ဗျ'

'ဟင်း... အိမ်ကျတော့ ခေါင်းကိုက်သလေး၊ ဖင်နာသလေးနဲ့ မယားငယ်အိမ် သွားရရင်တော့ ဟင်း... မပြောလိုက်ချင်ဘူး'

မမလေးက ဤမျှသာ ပြောပါသည်။ နောက်တော့ ဘာမှမပြောတော့ပေ။ မမလေးသည် မင်းကြီး မယားငယ်နှစ်ယောက်ယူသည်ကို အပြစ် ဆိုခြင်း ဟုတ်ဟန်မတူ၊ တစ်ညထဲမှာ မယားငယ်နှစ်ယောက်စလုံးအိမ်ကို သွားခြင်းကိုသာ အပြစ်ဆိုပါသည်။ ဤနေရာတွင် ကျွန်တော့်မိန်းမ အေးပုနှင့် အကွာကြီးကွာပါသည်။ ကျွန်တော့်မိန်းမ အေးပုမှာ ကျွန်တော် မိန်းမချောချော လှလှကလေးများကို

မတော်တဆ မျက်လုံးကစားမိရုံမျှဖြင့် မခံမရပ်နိုင်သူ ဖြစ်လေရာ၊ သဝန်ကြောင်လွန်းသည်ဟု ကျွန်တော် ထင်ပါသည်။ ခေတ်မမီ ဟု ကျွန်တော် ထင်ပါသည်။ မင်းကြီးလို မယားငယ်ထားလျှင်ကား ဆိုဘွယ်ရာ မရှိတော့ပါ။ ကျွန်တော်က တစ်ခါတစ်ရံ နောက်ပြောင်မိလျှင်ပင် 'တော် မကျွေးရင် ကျုပ်ဒီကလေးတွေ ဘယ်လိုလုပ် ကျွေးမလဲ ကိုဝက်ရယ်... ကလေးတွေမျက်နှာကိုမှ ရှင်မထောက်ဘူးဆိုရင်လဲ ဘယ်တတ်နိုင်မလဲ၊ ကျုပ် ဖာသာကျုပ် ဈေးရောင်းပြီး ကျွေးရတော့မှာပေ့ါ' ဟု မျက်ရည်စမ်းစမ်းဖြင့် ပြောလေ့ရှိသည်။ အေးပုအဖို့ ကျွန်တော်သည် အသက်သခင် ကျေးဇူးရှင် ဖြစ်ပါသည်။ ကျွန်တော် မယားငယ်ယူသွားလျှင် ကလေးတွေ တစ်ပြုံကြီးနှင့် ကသီလင်တဖြစ်မည်ကို စိုးရိမ်ပါသည်။ ထို့ကြောင့် အိမ်ထောင်ပြုကြခြင်းမှာ ကိုယ့်နေထိုင်မှု၊ ဘဝလုံခြုံရေးနှင့် မျိုးဆက်ပြန့်ပွားရေးတို့အတွက် ဖြစ်သည်ဟု ကျွန်တော် ထင်ခဲ့မိပါသည်။

သို့ရာတွင် ကျွန်တော့်ဆရာနှင့် ဆရာကတော်တို့၏ အိမ်ထောင်ရေး မှာ ကျွန်တော့်အတွေးအထင်နှင့် အံမကိုက်လှပေ။ မမလေးသည် ချမ်းသာ ကြွယ်ဝသော ထိပ်တန်းအရာရှိဟောင်းကြီးတစ်ဦး၏ သမီးဖြစ်၏ ။ မင်းကြီး၏ တစ်လတွက် လစာသည် မမလေး၏ တစ်လစာ ထမီဖိုး၊ ဘော်လီဖိုး လောက်သာ ရှိ၏ ။ မင်းကြီးနှင့် မညားလျှင်လည်း မမလေးသည် သူ့ဘဝ လုံခြုံရေးတွက် ဘာမျှစိုးရိမ်ပူပင်စရာမရှိပေ။ မျိုးဆက်ပြန့်ပွားရေးအတွက် ဆိုလျှင်လည်း သူတို့အိမ်ထောင်တွင် သားသမီးတစ်ယောက်မျှ မထွန်းကား သေးပေ။ သို့ဖြစ်ရာ အိမ်ထောင်ပြုခြင်း၏ ရည်ရွယ်ချက်များ မပြည့်စုံသော အိမ်ထောင်ရေးသည် ဘယ်မှာလျှင် အဆင်ပြေမည်နည်း။

သို့ကလို ကျွန်တော် တွေးမိပါသည်။ သို့ရာတွင် ကျွန်တော့်လို ဒရိုင်ဘာတစ်ယောက်၏ အတွေး မှန်မည် မမှန်မည်ကိုမူ ကျွန်တော် မပြော တတ်ပါ။

'ကိုဝက် မနက်ဖြန် ဘုရားကို တက်မယ်နော်၊ စောစောလာခဲ့'

မမလေးသည် ကျွန်တော့်ကို အမိန့်ပေးပြီး ဆင်းသွားလေသည်။

## (၃)

ယနေ့နံနက်တော့ ၆ နာရီမထိုးခင် ကျွန်တော် ကားပေါ်သို့ ရောက်နေသည်။ နှင်းများများ မကွဲတတ်သေးပေ။ ခဏကြာလျှင် မမလေး ဆင်းလာပါသည်။ မမလေးသည် အစွမ်းကုန် ခြယ်သထားပါသည်။ နဖူးပေါ်တွင် ဆံပင်အတွန့်အကောက်တွေ ဖွာကျနေစေပြီး ဘေးကဆံပင်ကို နားရွက် နှစ်ဖက် တစ်ဝက်ဖုံးအောင် ပြုပြင်ထားသည်။ ဖြူနုနေသော ပါးပြင်ကို နီပြေပြေကလေးဖြစ်ရုံဆိုးကာ နှုတ်ခမ်းကိုလည်း ပုံကျအောင်ဆိုးထားသည်။ မျက်ခွံကိုလည်း အရိပ်ပေါ်အောင် ဆိုးထားပေရာ၊ ပန်းနုသွေး မျက်နှာနုနု ကလေးပေါ်တွင် မျက်လုံး၊ မျက်တောင်တို့၏ အနက်ရောင်မှာ ထင်ရှားစွာ ပေါ်နေကြသည်။ မမလေးပြင်ဆင်ထားပုံမှာ ဘုရားသွားပုံမျိုးနှင့်မတူ ပွဲနေ ပွဲထိုင်သွားပုံမျိုးနှင့်သာ တူနေပါသည်။

ကျွန်တော်သည် နောက်ဖက်ထိုင်ခုံက ဝေ့လာသော မွှေးပျံ့ပျံ့ရနံ့ တို့ကို မသိမသာ ရှူရှိုက်ရင်း ကားကို အနောက်ဖက်မုတ်သို့ မောင်းလာကာ ထိုးဆိုက်လိုက်ပါသည်။ အနောက်ဖက်မုတ်ဝတွင် စောင့်ကြိုနေသော လူရွယ်တစ်ယောက်နှင့် စကားပြောနေကြပါသည်။ လူရွယ်မှာ ကျွန်တော်နှင့် မကြာခဏ ဝင်ဆာလမ်း(ရှင်စောပုလမ်း)ပေါ်တွင် တွေ့နေကျဖြစ်သော ရုပ်ချောချော၊ အရပ်ထောင်ထောင်မောင်းမောင်း ကာယဗလကောင်းကောင်း နှင့် လူငယ် ဖြစ်သည်။ လူရွယ်သည် ဘောင်းဘီရှည်နှင့် စပို့ရှပ်ကို ဝတ်ကာ၊ ရွက်ဖျင်ဖိနပ်အဖြူကို စီးထား၏ ။ သူတို့နှစ်ယောက် ဘာတွေပြောနေသည်ကိုမူ ကျွန်တော် မကြားရပေ။ သို့ရာတွင် ပြောဆိုဆက်ဆံပုံမှာကား များစွာ ရင်းနှီးလှပေ၏ ။

သူတို့နှစ်ယောက်သည် အနောက်မုတ်စောင်းတန်းမှ ဘုရားသို့

တက်သွားကြသည်။ တစ်ယောက်ခါးကို တစ်ယောက် ဖက်သွားကြပါသည်။

ကျွန်တော်သည် ကားထဲမှာ ငေးကာ ကျန်ရစ်ရင်း မမလေးနှင့် လူရွယ်တို့၏ ဆက်ဆံရေးကို တွေးမိသည်။ မောင်နှမတော့ မဟုတ်နိုင်၊ မမလေးသည် မင်းကြီးရှိလျက်နှင့် ရည်းစားထားလေသလား။ အေးပုမှာ ကျွန်တော် အငယ်အနှောင်းယူမည်ကို စိုးရိမ်သဖြင့် ကျွန်တော့်ကို မျက်ခြေ မပြတ် အကဲခတ်နေသူဖြစ်၏ ။ မမလေးမှာကား မင်းကြီးအငယ်အနှောင်း နှစ်ယောက်တိတိထားသည်ကိုသိလျက်နှင့် ခွင့်ပြုထား၏ ။ အေးပုသည် ကျွန်တော်ပစ်သွားလျှင် သူ့ဘဝ လုံခြုံရေးနှင့် ကလေးတွေ၏ နောင်ရေးကို တွေး၍ ပူပင်တတ်၏ ။ မမလေးကား မင်းကြီးပစ်သွားလျှင်လည်း ပူစရာမရှိပါ။ ထို့ကြောင့် သူတို့အိမ်ထောင်ရေးသည် တစ်ယောက်အမှားကို တစ်ယောက် မျက်နှာလွှဲကာ၊ ကိုယ်လုပ်ချင်ရာ လုပ်နေကြသည့် အိမ်ထောင်ရေးမျိုးလားဟု တွေးမိပါသည်။ သည်လိုဆိုလျှင် သူတို့အိမ်ထောင်ရေးသည် ဘာအဓိပ္ပာယ် ရှိမည်နည်း။ မော်တော်ကားပေါ်ထိုင်ရင်း ကျွန်တော် ဖတ်ဖူးသော ဝတ္ထုတွေ ထဲတွင် မကြာခဏပါတတ်သည့် 'တရားဝင်ပြည့်တန်ဆာစနစ်' ဆိုသည်မှာ မမလေးတို့ အိမ်ထောင်ရေးမျိုးပေလော...။

နာရီဝက်လောက်ကြာတော့ မမလေးတို့နှစ်ယောက် ပြန်ဆင်းလာ ကြပါသည်။ နှစ်ယောက်စလုံး ပြုံးနေကြပါသည်။ အတက်တုန်းကလိုပင် တစ်ယောက်ခါးကို တစ်ယောက် ဖက်လာကြပါသည်။ သူတို့နှစ်ယောက်မှာ တကယ်တော့ ရှေ့သွားနောက်လိုက် ညီပါ၏ ။ မသိသူများကမူ ညားကာစ ဇနီးမောင်နှံဟု ထင်ကြမည်လား မပြောတတ်ပေ။

ဘုရားစောင်းတန်း အဝသို့ရောက်တော့မှ တစ်ယောက်ခါး တစ် ယောက် ဖက်ထားရာမှ ဖြုတ်လိုက်ကြပြီး၊ ကားဆီသို့ လျှောက်လာကြပါ သည်။ သူတို့ကို ကြည့်ရသည်မှာ ဘာမျှမထူးခြားပါ။

ကျွန်တော်က ကားတံခါးကို ဖွင့်ပေးလိုက်၏ ။ နှစ်ယောက်စလုံး

တက်လိုက်ကြ၏ ။

'မြေနီကုန်းဈေးကိုမောင်း ကိုဝက်၊ ဈေးတောင် နောက်ကျသွားပြီလားမသိဘူး...'

မမလေးက လက်ပတ်နာရီကို ငုံ့ကြည့်ရင်း ပြောလေသည်။ ကျွန်တော်သည် ဦးဝိစာရလမ်းဘက်သို့ထွက်ကာ မြေနီကုန်းဈေးဘက်သို့ မောင်းလာသည်။ ကားပေါ်တွင် မမလေးနှင့် သူ့ မင်းသားလေးသည် စကားလက်ဆုံကျလာကြသည်။ သူတို့သည် တစ်ခါတစ်ခါတွင် အင်္ဂလိပ်လို ပြော၍ တစ်ခါတစ်ခါတွင် မြန်မာလိုပြောလာကြလေသည်။ ကျွန်တော့်ကိုကား သက်ရှိသတ္တဝါတစ်ကောင်ဟုပင် သဘောထားကြဟန် မတူပါ။

ကျွန်တော်သည် အစတွင်သာ အံ့ဩသလိုလိုဖြစ်နေသော်လည်း ယခုတော့ မအံ့ဩတော့ပါ။ ကျွန်တော်နှင့် ကျွန်တော့် မော်တော်ကားသည် မင်းကြီးနှင့် သူ့မယားငယ်လေးများ၏ ဇာတ်လမ်းများကိုလည်း တွေ့ခဲ့ကြားခဲ့ဖူးပါပြီ။ ယခုလည်း မမလေးနှင့် သူ့လင်ငယ်၏ ဇာတ်လမ်းကို တွေ့ရကြားရပြန်ပါပြီ။

မမလေးနှင့် သူ့မင်းသားသည် တစ်နေ့ညက ကပွဲအကြောင်းကို ပြန်ပြောင်းပြောလာကြပါသည်။ သူတို့စကားတွေမှာ အချိတ်ကလေးတွေ အစောင်းကလေးတွေနှင့်မို့ နားထောင်ကောင်းသလိုလိုပင် ရှိပါသည်။ တစ်ခါတစ်ခါတွင် မမလေးက စိတ်ဆိုးဟန်ဖြင့် နှုတ်ခမ်းကလေးစူ၍ မူလိုက်ဟန်ကို ကားရှေ့ကမှန်ထဲတွင် ရိပ်ခနဲ မြင်လိုက်ရပါသည်။ တစ်ခါတစ်ခါတွင် မင်းသား ၏ လက်ချောင်းများက မမလေး၏ ပေါင်ကို ဆုပ်နယ်နေသည်ကို မြင်လိုက် ရပြီး၊ မမလေးက လက်ဖြင့် ပုတ်ထုတ်လိုက်သည်ကိုလည်း အတိုင်းသား မြင်နေရပါသည်။ မှန်ထဲက ဇာတ်လမ်းကိုကြည့်နေသဖြင့် ဦးဝိစာရအဝိုင်းတွင် ကံကောင်း၍ ကားချင်းမတိုက်မိခြင်း ဖြစ်ပါသည်။

'ကိုဝက်ရေ… အဝိုင်းဟိုဘက်ထိပ်ကျရင် ကားရပ်ပေးလိုက်၊ ဒီက ဆင်းလိမ့်မယ်'

ကျွန်တော်သည် ကားကို အဝိုင်းထိပ်မှာရပ်ပေးလိုက်၏။ မင်းသား သည် မြူးထူးပေ့ါပါးစွာ အောက်သို့ ဆင်းသွားသည်။

'မနက်ဖြန် ၆ နာရီ'

မင်းသားက အင်္ဂလိပ်လို ပြောပါသည်။ သည်လောက်တော့ ကျွန်တော် နားလည်ပါသည်။ နောက် နှုတ်ဆက်၍ ထွက်သွားပါသည်။ ဈေးရောက်လျှင် မမလေးဆင်း၍ ဈေးဝယ်ပြီး အိမ်သို့မောင်းလာခဲ့ပါသည်။

ကျွန်တော်က ဆွဲခြင်းဆွဲ၍ မီးဖိုထဲသွားပို့နေတုန်း ထမင်းစားခန်း ထဲက ဆူဆူညံညံအသံတွေကို ကြားရပါသည်။ တဖြည်းဖြည်းကျယ်လာသော အခါ အသံများကို ကွဲကွဲပြားပြား ကြားရပါသည်။

'ဒီစာက ရည်စားနဲ့ချိန်းတဲ့စာမဟုတ်လို့ ဘာလဲ…'

မင်းကြီး၏ ဟိန်းသံဖြစ်သည်။

'အို… ဒါက တင့်တင့်ရဲ့မိတ်ဆွေပဲ၊ ဘုရားသွားမယ်လို့ ချိန်းတာ၊ ဒါဘာဖြစ်သလဲ…'

'ဟင်း… ဟင်း… စာထဲမှာ အချစ်များစွာလို့ ရေးထားတာ မိတ်ဆွေတဲ့လား ဟင်၊ မင်း တော်တော် ပလီနိုင်တဲ့ မိန်းမ…'

'ဘာ… ပလီတယ် မပြောပါနဲ့၊ မိတ်ဆွေမို့လို့ မိတ်ဆွေပြောတာ၊ မယုံရင် တင့်တင့်ဘာမှ မတတ်နိုင်ဘူး၊ ထင်ချင်သလိုထင်၊ ရည်းစားလို့ ထင်ထင်၊ လင်ငယ်လို့ပဲ ထင်ထင်…'

'ဟုတ်တယ်၊ ရည်းစားတောင် မဟုတ်ဘူး၊ လင်ငယ်… လင်ငယ် နဲ့ ချိန်းတွေ့တာ'

သူတို့မျက်နှာအမူအရာများကို ကျွန်တော်မမြင်ရပေ။ ကျွန်တော် သည် နားရွက်ပင် မခတ်ဝံ့ဘဲ နောက်ဖေးမီးဖိုချောင်နားက တန်းလျားပေါ်တွင် ထိုင်နေမိသည်။

'ချိန်းတွေ့တော့ ဘာဖြစ်သလဲ... ကိုကိုတောင် မယားငယ် ထားသေးတာ၊ မယားငယ်မှ တစ်ယောက်တောင် မဟုတ်ဘူး၊ မှိုလိုပေါက်လို့၊ ကြည့်မြင်တိုင်မှာကော၊ ကျောက်မြောင်းမှာကော၊ ကမာရွတ်မှာကော၊ ကိုယ်က မယားငယ်တွေကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ လက်ညှိုးထိုးမလွဲထားတာ တောင် ဘာမှမပြောဘူး၊ သူများကျတော့ မိတ်ဆွေတွေနဲ့ ဘုရားသွားတာကို ရေးကြီးခွင်ကျယ် လုပ်တယ်'

မမလေး၏ ငိုသံကို ကြားရပါသည်။

'ဘယ်ကမိတ်ဆွေရမှာလဲ၊ ငါမသိဘူးမှတ်လို့လား၊ ကောလိပ် လှေသင်းက တင်မောင်ဝင်းနဲ့ ဖြစ်နေတာ၊ ငါမသိဘူး မှတ်လို့လားဟင်၊ မင်း ဘူးကွယ်မနေနဲ့၊ ငါအကုန်သိတယ်၊ ငါတင်မဟုတ်ဘူး၊ လူတိုင်း သိတယ်၊ ဟော့... မောင်ဝက်... မောင်ဝက်...'

အကျိုးနဲ့ပြီဟု ထင်ပါသည်။ မင်းကြီး ကျွန်တော့်ကို ခေါ်နေပေပြီ။ ကျွန်တော်သည် ဖိနပ်ချွတ်ကာ ကပျာကယာ ထမင်းစားခန်းထဲ ဝင်သွား ပါသည်။ မင်းကြီး၏ မျက်လုံးများမှာ မီးဝင်းဝင်းတောက်နေသည်။

'ဒီနေ့မနက် မင်းမမလေးကို ဘယ်လိုက်ပို့ရသလဲ'

သူတို့အမူတွင် ကျွန်တော် ပါချေပြီ။ ကျွန်တော် ဘယ်လိုဖြေရ မည်နည်း။ အမှန်အတိုင်း ပြောရမည်လား၊ လိမ်ပြောရမည်လား၊ ဆောင်း တွင်းကြီးမှာပင် ကျွန်တော့်နဖူး၌ ချွေးတွေစို့လာပေသည်။

'ပြောလေကွာ... ဘယ်ကိုပို့ရသလဲ'

'ရွှေတိဂုံကို ပို့ရပါတယ်...'

မမလေးသည် ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကျွန်တော့် ကို ကြည့်လိုက်သည်။ မမလေး၏ ဒေါသသည် မင်းကြီးထံမှ ကျွန်တော့်ဆီသို့ ရောက်ပါသည်။

'ဟို မနေ့ညကကော ရှင့်ဆရာကို ဘယ်လိုက်ပို့ရသလဲ ပြောလိုက် လေ၊ ဘာလို့ ချန်ထားသလဲ'

ကျွန်တော်သည် မင်းကြီးကိုတစ်လှည့်၊ မမလေးကိုတစ်လှည့် အူကြောင်ကြောင်ဖြင့် ငေးကြည့်နေမိသည်။

'ပြောလေ... တစ်ညထဲနဲ့ ကြည့်မြင်တိုင်ရော၊ ကျောက်မြောင်း ကိုရော ပို့ရတယ်လို့ ရှင်ပဲပြောတယ်မဟုတ်လား ဟင်...'

'ဟုတ်ပါတယ် ခင်ဗျ'

'ဘာရယ်ကွ... ဘယ်လိုပို့ရတယ်'

မင်းကြီး၏ ဝင်းဝင်းတောက်သော မျက်လုံးများသည် ကျွန်တော့် ဆီသို့ ရောက်လာကြပြန်သည်။ မင်းကြီး၏ ဒေါသသည် မမလေးထံမှ ကျွန်တော့်ဆီသို့ ရောက်လာပြန်ပါပြီ။

'ခွေးမသား... သွား... သွား... လင်မယားကြားမှာ ဟိုဝင်ရှုပ်၊ ဒီဝင်ရှုပ်၊ လူကြည့်တော့ ရိုးပုံရိုးလက်နဲ့ သွား... တောစကား တောင်ရောက်၊ တောင်စကား တောရောက်လုပ်တာမျိုး ငါမကြိုက်ဘူး၊ မင်းလို သစ္စာမရှိတဲ့ ဒရိုင်ဘာမျိုးလဲ ငါ့အိမ်မထားဘူး၊ ခုအချိန်ကစပြီး မင်းငါ့ဆီမှာ မလုပ်နဲ့ တော့ ထွက်သွား... ခွေးမသား...'

ကျွန်တော် ဝမ်းနည်းကာ မျက်ရည်တွေ လည်လာပါသည်။ ထို့ကြောင့် လက်နှစ်ဖက်ကိုနောက်ပစ်ကာ ခေါင်းငုံ့၍ ရပ်နေပါသည်။ လင်မယားနှစ်ယောက်၏

ဒေါသသည် ကျွန်တော့်အပေါ်သို့ ပုံကျလာပါသည်။

'ဟေ့ကောင်... သွားဆိုတာ မကြားဘူးလား၊ မင်းကို အလုပ်က ထုတ်လိုက်ပြီ၊ သွား... ဒီလခ မင်းကို တစ်လလုံးပေးမယ်၊ လကုန်တော့ လာယူလှည့်... သွား...'

ကျွန်တော် ကြာကြာမနေရဲတော့ပါ။ ထို့ကြောင့် ကားသော့ကို စားပွဲပေါ်တွင် တရိုတသေ သွားထားပြီး ခြံဝသို့ထွက်လာခဲ့ပါသည်။ နက်ဖြန် ကစ၍ စျေးကြိုရသောအလုပ်ကို ကျွန်တော် လုပ်ရတော့မည်မဟုတ်ပါ။

ကျွန်တော်သည် လမ်းမကြီးပေါ်တွင် လျှောက်လာရင်း သူတို့ အိမ်ထောင်ရေးနှင့် ကျွန်တော်တို့အိမ်ထောင်ရေးကို တွေးမိပါသည်။ ကျွန်တော်နှင့် အေးပုတို့ အိမ်ထောင်ပြုကြခြင်းမှာ ဘဝလုံခြုံရေးနှင့် မျိုးဆက် ပြန့်ပွားရေးအတွက် ဖြစ်ပါသည်။ ကျွန်တော်မရှိလျှင် အေးပုဘဝ မလုံခြုံ သလို၊ အေးပုမရှိလျှင် ကျွန်တော့်ဘဝ လုံခြုံမည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက်က တစ်ယောက်ကို သစ္စာဖောက် မှာ စိုးရိမ်ကြပါသည်။ ကျွန်တော်တို့အဖို့ နှစ်ယောက်ပေါင်းမှ ဘဝသည် ပြည့်စုံဖူလုံကာ တစ်ဘဝဖြစ်လာပါသည်။

မင်းကြီးနှင့် မင်းကြီးကတော်တို့အဖို့မှာ ဘဝလုံခြုံရေးအတွက် ပူစရာမရှိပါ။ ကိုယ့်ဖာသာကိုယ် နေကြပါသည်။ မျိုးဆက်ပြန့်ပွားရေးအတွက် လည်း ဘာမျှ တတ်နိုင်ကြတော့ဟန် မတူပါ။ သူတို့အဖို့ တစ်ယောက်က သစ္စာဖောက်သွားလျှင်လည်း အရေးကြီးဟန် မတူပါ။ နောက်တစ်ယောက်ကို ငွေဖြင့် ပေါက်၍ သော်လည်းကောင်း၊ ရာထူးဖြင့်ပေါက်၍ သော်လည်းကောင်း အလွယ်တကူ ရနိုင်ကြပါသည်။ ထို့ကြောင့် သူတို့လင်မယားသည် မယားငယ် လင်ငယ် အပြန်အလှန် ထားနေကြခြင်း ဖြစ်ဟန်တူပါသည်။ သည်လိုဆိုလျှင် ဝတ္ထုထဲတွင် တွေ့ရဖူးသော 'တရားဝင်ပြည့်တန်ဆာ အိမ်ထောင်ရေးစနစ်' ဆိုသည်များလားဟု ကျွန်တော် တွေးမိပါသည်။ သို့သော် ကျွန်တော်

ပြက်ပြက်ထင်ထင် မတွေးတတ်ပါ။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက် လင်ငယ် မယားငယ် အပြိုင်ထားကြသည့် ကိစ္စအတွက် ကျွန်တော် ဝေက်တစ်ယောက်တော့ ကြားထဲက ဒဏ်ခံလိုက်ရပါပကော။

ရှုမဝ၊ အတွဲ-၁၆၊ အမှတ်-၁၈၉၊ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ။